-Burmese

# Melton မြို့တော်ကောင်စီ

# မိသားစုနှင့်ကလေးများ

# အစီအစဉ်များနှင့် ဝန်ဆောင်မှုများ

## မိသားစု ဝန်ဆောင်မှုများ

၎င်းသည် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်း လိုအပ်ချက်များကို ၎င်းသူတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ သာယာဝပြောကောင်းမွန်ရေးအတွက် လိုအပ်လျက်ရှိသည့် အထောက်အပံ့၊ သတင်းအချက်အလက်များနှင့် မှီခိုအားထားရာအရင်းအမြစ်များတို့ဖြင့် ဝန်ဆောင်မှုများနှင့် အခက်အခဲ ပံ့ပိုးမှု အစီအစဉ် (Hardship Assistance Program)၊ ဘက်ပေါင်းစုံ မိသားစု အထောက်အပံ့ (integrated family support)၊ ဆွေးနွေးအကြံပေးနစ်သိမ့်ပေး ကုထုံး (counselling) နှင့် အုပ်စုလိုက်လုပ်ကိုင်ခြင်း (group work) တို့အပါအဝင်ဖြစ်သော အစီအစဉ်များကို ပို့ချပေးခြင်းမှတစ်ဆင့် တုံ့ပြန်ပေးရန်ရည်မှန်းထားသည်။

## မိသားစုများနှင့် ကလေးများ အွန်လိုင်း လမ်းညွှန်စာအုပ်

Melton မြို့တော်၌ မိသားစုများ၊ ကလေးများနှင့် အတတ်ပညာရှင်များတို့နှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများအတွက် အွန်လိုင်း လမ်းညွှန်စာအုပ် တစ်အုပ်။

meltonfamiliesandchildren.com

## မိသားစု နေ့ကလေးထိန်း (Family Day Care)

၎င်းသည်ပြောင်းလွယ်ပြင်လွယ် အဆင်ပြေပြီး အိမ်ကိုအခြေခံသည့် ပညာရေးဖြစ်ကာ အသက် ခြောက်ပတ်မှ 13 နှစ်အရွယ်ကလေးများအတွက် စောင့်ရှောက်ပေးသည့်ဝန်ဆောင်မှုဖြစ်သည်၊ အချိန်ပြည့်၊ အချိန်ပိုင်း၊ ကျောင်းချိန်မတိုင်မီနှင့်ကျောင်းချိန်နောက်ပိုင်း၊ ကျောင်းပိတ်ရက်၊ စနေ တနင်္ဂနွေနှင့် သင်ကြားပို့ချသူ ရနိုင်သည့်အပေါ်မူတည်၍ ညအိပ်စောင့်ရှောက်မှုတို့ကို ဆောင်ရွက်ပေးပါသည်။ သင်ကြားပို့ချသူများကို သတိထား၍ ရွေးချယ်ပြီး သင်ကြားပို့ချသူ၏ အိမ်၌ ကလေးအုပ်စုငယ်အတွက် အန္တရာယ်ကင်း စိတ်ချပြီး လုံခြုံကာ လန်းဆန်းသော ပတ်ဝန်းကျင်အနေအထားတစ်ခုကို လုပ်ပေးပါသည်။ သင်ကြားပို့ချသူများကို တတ်ကျွမ်းသူ ညှိနှိုင်းဆောင်ရွက်ပေးသည့် အဖွဲ့က ထောက်ပံ့ပေးပြီး စောင့်ကြပ်ကြည့်ရှုပါသည်။

## အိမ်ရာချပေးရေး ဝန်ဆောင်မှုများ

၎င်းသည် Melton မြို့တော်၌ အိုးမဲ့အိမ်မဲ့ သို့မဟုတ် အိုးမဲ့အိမ်မဲ့ဖြစ်ရန် အန္တရာယ်ရှိသူများကို ထောက်ပံ့ပေးသည်။ အိမ်ရာချပေးရေး ဝန်ဆောင်မှု ဌာနမှ အထောက်အပံ့ကို ရယူရန် သင်သည် ဦးစွာ ကယ်ဆယ်ရေး တပ် လူမှုရေးဆိုင်ရာ အိမ်ရာချထားပေးရေးနှင့် အထောက်အပံ့ (Salvation Army Social Housing and Support) ကို စိစစ်ရေးနှင့်ရည်ညွှန်းလွှဲပို့ရေးကို ဆောင်ရွက်ရန်အတွက် တွေ့ရန်လိုအပ်မည်။

## သူငယ်တန်းကျောင်း

၎င်းသည် ကလေးတစ်ဦးစီ၏ ပညာရေးဆည်းပူးမှုကို မြှင့်တင်ပေးရန်နှင့် အဓိက ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးကို အားပေးအားမြှောက်ပြုရန် ရည်မှန်းထားသည်။ ကောင်စီသည် အဓိက ကျောင်းအပ်သည့် လုပ်ငန်းစဉ်ကို စီမံကွတ်ကဲပြီး အားလုံးသော ကလေးများအား ပုံမှန်ကျောင်းကို မတက်ရောက်မီနှစ်၌ လေးနှစ်အရွယ် သူငယ်တန်းကျောင်း အစီအစဉ်သို့ ဝင်ရောက်ရေးနှင့်တက်ရောက်မှုကို ပံ့ပိုးပေးပါသည်။

-Burmese

**စိတ်ကူးယဉ် မျက်လှည့် (Imagination Magic)**

၎င်းသည် နို့စို့ကလေးများ၊ လေးဖက်သွားအရွယ်ကလေးများနှင့် မူကြိုကျောင်းကလေးများနှင့် ၎င်းသူတို့၏ မိဘများနှင့် စောင့်ရှောက်ပေးသူများအတွက် လစဉ်ကျင်းပပေးသည့် အနုပညာစွမ်းဆောင်ခြင်းနှင့် စာတတ်မြောက်ရေး အစီအစဉ်တစ်ခုဖြစ်ပါသည်။ အစီအစဉ်သည် ကလေး၏ အပြန်အလှန်ပြောဆိုဆက်ဆံရေးကို အားပေးအားမြှောက်ပြုပြီး ပျော်ရွှင်ကာ ဖန်တီးနိုင်စွမ်းပြီး လန်းဆန်းစေသော အတွေ့အကြုံကို တေးဂီတနှင့်လှုပ်ရှားမှုတို့နှင့်အတူတကွ လုပ်ပေးပါသည်။

**မိခင်နှင့် ကလေး ကျန်းမာရေး**

၎င်းသည် မိဘများနှင့် ၎င်းသူတို့၏ နို့စို့ကလေးများ/လေးဖက်သွားအရွယ် ကလေးများအတွက် အဓိက အသက်အရွယ်နှင့်အဆင့်ဆင့် လာရောက်မှုများ၊ မိခင်နို့ရည်တိုက်ကျွေးမှု အထောက်အပံ့၊ မိဘအုပ်စုအသစ်များ၊ နှင့် အင်္ဂလိပ်အက္ခရာ ပီသုံးလုံးဖြင့်တင်စားထားသည့် ကောင်းသော ကလေးထိန်းကြောင်းမှု အစီအစဉ် (Positive Parenting Program) အပါအဝင် အမျိုးမျိုးသော ဝန်ဆောင်မှုများကို လုပ်ပေးပါသည်။

**အခါကြီးရက်ကြီးနေ့များတွင် ကလေးထိန်း (Occasional Care)**

၎င်းသည် မြို့တော်နယ်နိမိတ်တစ်လျှောက်ရှိ အသက် ခြောက်ပတ်မှ ခြောက်နှစ်အရွယ် ကလေးများအတွက် ရေတို စောင့်ရှောက်မှုကို ဆောင်ရွက်ပေးသည်၊ သင် စီးပွားရေး၊ ရက်ချိန်းများ၊ အပျော်တမ်းလုပ်စရာ သို့မဟုတ် သာမန် အနားယူအားလပ်ချိန်တို့ကို ဆောင်ရွက်နေစဉ် သင် သင့်ကလေးများကို ထားရစ်ပေးစေပါသည်။ အဆိုပါ အစီအစဉ်ကို အရည်အချင်းပြည့်ဝသည့် စောစောပိုင်း ကလေးဘဝအရွယ် ပညာပေးသင်ကြားပို့ချသူများ (Early Childhood Educators) က လုပ်ကိုင်ဆောင်ရွက်ပါသည်။

**ကစားရင်းပညာသင်အုပ်စုများ (Playgroups)**

၎င်းသည် မွေးကင်းစအရွယ်မှ ကျောင်းနေအသက်အရွယ်အထိရှိ ကလေးများနှင့် ၎င်းသူတို့၏ မိဘများ/စောင့်ရှောက်သူများ အတွက် ကျွမ်းကျင်မှု အသစ်များကို ဖွံ့ဖြိုးပေးစေရန်နှင့်လေ့ကျင့်ပေးစေရန်၊ မိတ်ဆွေအသစ်များကို မိတ်ဖွဲ့ရန်နှင့် မိမိကိုယ်မိမိ ယုံကြည်စိတ်တိုးလာစေရန် အခွင့်အလမ်းများကို ဆောင်ရွက်ပေးပါသည်။ လူမှုအသိုင်းအဝိုင်း ကစားရင်းပညာသင်အုပ်စုများကို ဒေသခံမိသားစုများက ဆောင်ရွက်ပြီး အထောက်အကူပြု ကစားရင်းပညာသင်အုပ်စုများကို များသောအားဖြင့် ဒေသအစိုးရ၊ ကျောင်း သို့မဟုတ် မိသားစု အထောက်အပံ့ အေဂျင်စီရုံးများကဲ့သို့သော အဖွဲ့အစည်းက ဆောင်ရွက်ပေးပါသည်။

**မူကြိုကျောင်း နယ်မြေ အရာရှိ အစီအစဉ် (Preschool Field Officer Program)**

မူကြိုကျောင်း နယ်မြေ အရာရှိ အစီအစဉ် (Preschool Field Officer Program) သည် ဗစ်တိုးရီးယားပြည်နယ်ရှိ အစိုးရ ရန်ပုံငွေပေးထားသည့် သူငယ်တန်း ကျောင်းများအား အထောက်အပံ့နှင့် အတတ်ပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်၊ ထပ်ဆင့်အပို လိုအပ်ချက်များရှိသည့် ကလေးများအနေဖြင့် ကျောင်းတက်ရောက်ပြီး ပါဝင်လုပ်ဆောင်ရာ၌ ကျောင်း၏ စွမ်းဆောင်ရည်ကို တိုးမြင့်ပေးစေရန် အတွက်ဖြစ်ပါသည်။ PSFOs သည် ကလေးများနှင့် သူတို့၏မိသားစုများအား သူငယ်တန်းကျောင်း တက်ရောက်ရေးကို ပံ့ပိုးပေးရန်အတွက် သတင်းအချက်အလက်များ၊ အရင်းအမြစ်များ၊ အစီအစဉ် နည်းဗျူဟာများ၊ သင်ကြားပို့ချသူများကို လမ်းညွှန်ပေးမှု၊ နှင့် လွှဲပို့ပေးမည့် လမ်းကြောင်းများကို ဖော်ထုတ်ပေးခြင်း အပါအဝင်ဖြစ်သော အမျိုးမျိုးသော အထောက်အပံ့များကို ဆောင်ရွက်ပေးသည်။

-Burmese

**အားလပ်ရက်အပန်းဖြေ ကလေးထိန်း**

၎င်းသည် မူလတန်းကျောင်း အသက်အရွယ်ကလေးများအား ဗစ်တိုးရီးယားပြည်နယ် အများပြည်သူ ကျောင်းပိတ်ရက်များအတွင်း အန္တရာယ်ကင်းသော ပတ်ဝန်းကျင်အနေအထားတစ်ခု၌ အဆင့်မြင့် အရည်အသွေးရှိသော ပညာရေးနှင့်စောင့်ရှောက်မှုကို ပေးအပ်ပါသည်။ အစီအစဉ်ကို တနင်္လာနေ့မှ သောကြာနေ့ (အများပြည်သူ ပိတ်ရက်များ မပါ) နံနက် 6.30 နာရီမှ ညနေ 6.30 နာရီအထိ ဖွင့်လှစ်ထားပြီး ကလေးများ၏ လိုအပ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အကြံဉာဏ်များအပေါ် အခြေခံသည့် အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်မှုများ နှင့် လေ့လာရေးခရီးများပါဝင်စေရန် တတ်ကျွမ်းသော သင်ကြားပို့ချသူများက ဒီဇိုင်းပုံဖော်ပြီး စီစဉ်ထားပါသည်။

အထက်ဖော်ပြပါ အစီအစဉ်များနှင့် ဝန်ဆောင်မှုများအနက် တစ်ခုခုနှင့်ပတ်သက်သည့် ပိုမိုသိရှိလိုသော သတင်းအချက်အလက်များအတွက် ကျေးဇူးပြုပြီး Melton မြို့တော်ကောင်စီကို ဖုန်း 9747 7200 ဖြင့်ဖြစ်စေ သို့မဟုတ် ဝက်ဘ်ဆိုက် melton.vic.gov.au ကိုဝင်ရောက်၍ဖြစ်စေ ဆက်သွယ်ပါ။